ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၃ ရက်

**ညွှန်ကြားချက်အမှတ် (၁၁/၂၀၂၀)**

အကြောင်းအရာ။ **ငွေကြေးလွယ်ကူမှုအချိုးတွက်ချက်သည့်ပုံစံအား ယာယီပြင်ဆင်သတ်မှတ်သည့် ညွှန်ကြားချက်အား သက်တမ်းတိုးမြှင့်ခြင်း**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၉-၄-၂၀၂၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၇/၂၀၂၀)

၁။ COVID-19 နှင့်ဆက်စပ်သည့် သက်ရောက်မှုများ လျော့ပါးသက်သာစေရေးအတွက် ဘဏ်များအား ဖြေလျှော့ပေးသည့်အနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးလွယ်ကူမှုအချိုး တွက်ချက်ရာတွင် သက်တမ်းတစ်နှစ်ထက်ပို၍ ကျန်ရှိသော ငွေတိုက်စာချုပ်များတန်ဖိုး၏ ၅၀% ကို ထည့်သွင်းတွက်ချက်ရန် ခွင့်ပြုခဲ့ခြင်းအစား ၂၀-၄-၂၀၂၀ ရက်နေ့မှ ၃၀-၉-၂၀၂၀ ရက်နေ့အထိ ကာလအတွင်း ၉၀% အထိ ထည့်သွင်းတွက်ချက်ခွင့်ပြုသည့် ယာယီပြင်ဆင်သတ်မှတ်ချက်ကို ရည်ညွှန်းချက်ပါ ညွှန်ကြားချက်အမှတ် (၇/၂၀၂၀) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ ရည်ညွှန်းချက်ပါ ညွှန်ကြားချက်အရ ငွေကြေးလွယ်ကူမှုအချိုးတွက်ချက်မှု ယာယီပြင်ဆင်သတ်မှတ်သည့် ၂၀-၄-၂၀၂၀ ရက်နေ့မှ ၃၀-၉-၂၀၂၀ ရက်နေ့အထိကာလအား ၁-၁၀-၂၀၂၀ ရက်နေ့မှ ၃၁-၃-၂၀၂၁ ရက်နေ့အထိ သက်တမ်းတိုးမြှင့်ပေးလိုက်သည်။

၃။ ငွေကြေးလွယ်ကူမှုအချိုးတွက်ချက်ခြင်း ယာယီပြင်ဆင်ချက်ကို သက်တမ်းတိုးမြှင့်ပေးခြင်းမှ အပ ငွေကြေးလွယ်ကူမှုအချိုးသတ်မှတ်ချက်ဆိုင်ရာစည်းမျဉ်းပါ ကျန်အချက်များသည် ယခင်အတိုင်း မပြောင်းလဲဘဲ ဆက်လက်တည်ရှိမည်ဖြစ်သည်။

(ပုံ)xxxxxxxxxxxxxxxx

ဥက္ကဋ္ဌ (ကိုယ်စား)

(စိုးသိန်း၊ ဒုတိယဥက္ကဋ္ဌ)

**ဖြန့်ဝေခြင်း**

ဘဏ်များအားလုံး

မိတ္တူကို

ရုံးလက်ခံ